# အင်ဂျင်နီယာပညာစဉ်ဆက်မပြတ်သင်ကြားရေးလုပ်ငန်းကော်မတီ၏ တာဝန်များ

(၁) အင်ဂျင်နီယာပညာနှင့် နည်းပညာဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စာတွေ့နှင့်လက်တွေ့သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် ညီလာခံများကို ကြီးမှူး ကျင်းပခြင်း၊ အပြည်ပြည်ဆိုင်ရာနှင့်ဒေသဆိုင်ရာအဖွဲ့ အစည်းအဝေးများ၊ ညီလာခံများသို့ နိုင်ငံ ကိုယ်စားပြု၍ ပါဝင်တက်ရောက်နိုင်ရန် စီမံဆောင်ရွက်ပေးခြင်း၊

(၂) လုပ်ငန်းလိုအပ်ချက်များနှင့်အညီ အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ စဉ်ဆက်မပြတ် လေ့လာသင်ကြားမှုရရှိနိုင်စေရန် ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အခြားအဖွဲ့အစည်းများသို့ အကြံပြုခြင်းနှင့် လိုအပ်သည်များ ပံ့ပိုးကူညီခြင်း၊

(၃) ပညာရှင်အဆင့်စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုစနစ်အကောင်အထည်ဖော်ခြင်း၊

(၄) အင်ဂျင်နီယာပညာနှင့် နည်းပညာဆိုင်ရာ အဆင့်အတန်းမြင့်မားစေရေးအတွက် သုတေသန ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အခြားအဖွဲ့အစည်းများသို့ အကြံပြုခြင်းနှင့် ကူညီခြင်း၊

(၅) အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ၊ နည်းပညာကျွမ်းကျင်သူများ၏ အရည်အသွေး ထိန်းသိမ်းမြှင့်တင်နိုင်ရန် အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ်အကြံပြုခြင်း၊ ကူညီခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊